အိမ်ပုကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိမ်ပုကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
အိမ်ပုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ဝင်္ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အ အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့်အ သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်အ စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား၂၉သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား၃၁ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား၃၃ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား၃၈ အိမ်သာ အမျိုးအစား
ဇယား၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉

ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်

လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အိမ်ပုကျေးရွာ
ပင်းတယမြို့နယ်

အိမ်ပု ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပင်းတယမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊
(၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မိဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိ၍ ပင်းတယမြို့မှ ၁၆ မိုင်အကွာတွင်တည်ရှိပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။အိမ်ပုကျေးရွာတွင် ကျွဲချေး၊ နွားချေးများရှိသောကြောင့် မြေဆီဩဇာအခြေအနေမှာ အလယ်အလတ်မှာရှိပါသည်။ အပင်မျိုးစိတ်များ အနေဖြင့်လည်း တစ်ဦးမှတစ်ဦးသို့ပေးကမ်းကြသောကြောင့် အသင့်အတင့်ရှိပါသည်။ ဖျက်ပိုး နှင့်ရောဂါကာကွယ်မှုမှာ နည်းသောကြောင့် ကျရောက်မှုသည် တစ်ခါတစ်ရံဖြစ်သောကြောင့် အသင့်အတင့်ရှိပါသည်. ဖျက်ပိုးနှင့် ရောဂါကာကွယ်မှုမှာနည်းသောကြောင့်ကျရောက်မှုသည် တစ်ခါတစ်ရံမှာ ဖြစ်သောကြောင့်ထိန်းချုပ်မှုမပြုလုပ်ပါကြောင်း အချို့နေရာဒေသများမှ ရေသွင်း၍ ရနိုင်သောကြောင့်

ရေရင်းမြစ်များမှာ အလယ်အလတ်ရရှိပါသည်။ အခြားတိရစ္ဆာန်မျိုးကွဲများနှင့်စွန်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမှာ အလွန်ပင်နိမ့်နေပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု အပိုင်းကို လေ့လာခြင်းအားဖြင့်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများမတွေ့ရပါ။

မြေယာအချို့ပိုင်ဆိုင်သော်လည်း မျိုးစေ့နှင့် မြေဩဇာအတွက်ငွေကြေးမလုံလောက်သောကြောင့် စိုက်ပျိုးနိုင်ရန် အခက်အခဲရှိနေပါကြောင်း တင်ပြအပ်ပါသည်။ အိမ်ထောင်စုရာခိုင်နှုန်း၁၀၀%မှာ ၈၅%သည် အဆိုပါအခက်အခဲနှင့်ကြုံတွေ့နေရပါကြောင်းတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသောဆည်(ငယ်)သာရှိပါသည်။ ကျေးရွာ၏ အခြားရေရင်းမြစ်နှင့် ရေသွင်းဧရိယာမှာအနည်းငယ်သာရှိပါသည်။ ကျေးရွာတွင် ရေရင်းမြစ်ရရှိနိုင်မှုအနည်းငယ်သာရှိသောကြောင့်ရွာသူ/ရွာသားများအခက်အခဲရှိနေပါကြောင်း တွေ့ရပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၁၈)စုနှင့် ကျား(၂၈၉)၊ မ (၂၉၀)ဦးဖြင့် လူဦးရေပေါင်း(၅၇၉)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျှမ်းမျှ(၅)ဦးနှုန်ရှိပြီး နိုင်ငံတော်' တစ်အိမ်ထောင်ပျှမ်းမျှ ၅ဦးနှင့်ညီမျှပါသည်။ကျေးရွာတွင် ဓနလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်ကျေးရွာရှိ လူဦးရေအားလုံး၏ ၆၇.၇% ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သည်။အမျိုးအမီးနှင့် အမျိုးသားအရေအတွက်နှင့် တူညီပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျွန်ုပ်တို့ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ အင်အား၊လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစားကို လေ့လာရာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ကိုင်သူ၊ အိမ်ထောင်စုမိသားစုဝင် လုပ်အား၊ကျပန်းအလုပ်သမား၊တိရစ္ဆာန်မွေးမြူရေး၊ပန်ရံလုပ်ငန်းတို့ဖြစ်ပါသည်။ကုန်စုံဆိုင်သေး၊ အုပ်ချုပ်ရေး၊ကာကွယ်ရေး၊ ကျန်းမာရေးတွင်(အရံသားဖွား) လူမှုရေးလုပ်ငန်းများကို အနည်းငယ်သာရှိ၍ ဖော်ပြထားပါသည်။ အခြားလုပ်ငန်းတွင်လုပ်ငန်းတွင်လုပ်ကိုင်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ လုပ်အားခနှုန်းထားကိုတွက်ချက်လျက် လယ်ယာလုပ်ငန်းလုပ်ကိုင်ခြင်းတွင် နေ့စားဖြင့်သာလုပ်ကိုင်ကြရပါသည်။ အများဆုံးကျပ်(၄၀၀၀)မှ(၃၀၀၀)အနည်းဆုံး(ကျပ်) ကျား(၄၀၀၀)၊ဖြင့်သာငှားရမ်းကြပါသည်။ လယ်သမား၊ ပန်ရံလုပ်ငန်းလည်း နေ့စားအဖြစ်သာ ငှားရမ်းကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်နုပ်တို့ ကျေးရွာတွင် ဓာတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များကို လေ့လာကြည့်လျှင် ကာဗွန်(ဓာတ်ငွေ့) ရေနံ၊သဘာဝတိရစ္ဆာန်မျိုးစိတ်များရရှိနိုင်မှုမှာ မရှိပါ၊လက်လှမ်းမီမှုလည်း မရှိပါသည်။ နွားစာများကို အလွယ်တကူအသင့်အတင့်ရှိနိုင်ပါသည်။ ဥစ္စာဓနအဆင့် အခြေအနေကို လေ့လာကြည့်လျှင်အဆင့်ပြေသောလုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မ ှုမှာ

နွားဖြင့်ထယ်ခြင်း၊ကုန်ထုတ်လုပ်မှုနှင့်ပိုင်ဆိုင်မှုနွားဖြစ်ကြောင်း ၊အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ၏အိမ်အခြေအနေမှာသက်ကယ်မိုး၊ထရံကာလုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှုနှင့် ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သောပိုင်ဆိုင်မှုများမှာ လူ့လုပ်အားဖြစ်ပါသည်။ အဆင်ပြေသော အိမ်ထောင်စုအလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ စိုက်ပျိုးရေးကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုမှာ နေ့စားလိုက်၍ စားသောက်ကြရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ရှိသော အိမ်ထောင်စု စုစုပေါင်းမှာ(၁၁၈)အိမ်ရှိပါသည်။ ဥစ္စာဓန ပိုင်ဆိုင်မှု အဆင့်(၃)မှာ အိမ်ထောင်စု(၆၃)စုရှိပြီး အဆင့်(၄)မှာ အိမ်ထောင်စု(၁၆)စုရှိပါသည်။ အိမ်ထောင်စုအများစုမှာ ချေးငှားပြီး စားသောက်ကြရပါသည်။ လုပ်အားခကို ကြိုတင်ယူပြီး စားသောက်ကြရပါသည်။အစားအသောက်များကို လျော့စားခြင်း မရှိပ ပုံမှန်အတိုင်းစားသောက်ကြရပါသည်။အဆင့်အသောက်များကိုလျော့စားခြင်းမရှိပဲပုံမှန်အတိုင်းစားသောက်ကြ ရပါသည်။ အဆင့်(၃)မှာဖြလမှ ၁၂လအတွင်းစားနပ်ရိက္ခာဖူလုံကြပါသည်။ ကျန်ရှိသောအိမ်ထောင်စုများမှာ စားနပ်ရိက္ခာအလွန်ဆင်းရဲနေပါကြောင်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာ၏ ကူညီစောင့်ရှောက်မှု အထူးလိုအပ်အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေကို လေ့လာကြည့်လျှင်မိသားစုစောင့်ရှောက်မှုမရှိသော
သက်ကြီးရွယ်အိုနှင့်မသန်စွမ်းပုဂ္ဂိုလ်များမရှိကြောင်းတွေ့ရပြီး၊
အခြားဒေသသို့သွားရောက်နေထိုင်လုပ်ကိုင်နေကြသည်။ကျန်နေသည့်မိသားစုဝင်ငွေများမှာ လုပ်အားခကို အားကိုးပြီး နေထိုင်စားသောက်ကြရပါကြောင်း တွေ့ရပါသည်။

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု
အခြေအနေကိုလေ့လာကြည့်လျှင်စားနပ်ရိက္ခာမဖူလုံမှု၊သဘာဝအရင်းအမြစ်ရှားပါးမှု၊ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်း၊ ငှက်ဖျားရောဂါ၊တိရစ္ဆာန်ကူစက်ရောက်ဂါနှင့်လမ်းပန်းဆက်သွယ်ရေးတို့မှာ အလတ်တွင်ရှိနေပါသည်။ အအေးလွန်ကဲခြင်း ၊ငလျင်၊မီးဘေး၊ဆားလုပ်ငန်းရေဝင်မြေ၊မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု ၊တိဘီရောဂါ၊ကိုယ်ခံအားကျဆင်းမှုရောဂါ၊ပြည်တွင်းပဋိပက္ခနှင့်လူကုန်ကူးခြင်းများမှာ အနိမ့်ဆုံးအဆင့်တွင်ရှိနေပါသည်။ ကျွန်ုပ်တို့ရွာတွင် သစ်တောပြုန်းတီးမှုအဆင့်မှာ အမြင့်မားဆုံးအဆင့်သို့ရောက်ရှိနေပါကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်ုပ်တို့ကျေးရွာ၏ စာသင်ကျောင်းအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည် ကျောင်းမှာ ကျေးရွာအတွင်းတွင် တည်ရှိပါသည်။ ထို့ကြောင့်ကလေးများသည် ခြေလျင်သာသွားကြပါသည်။ စာသင်ကျောင်းမှာ အုတ်ကာသွပ်မိုးဖြစ်ပါသည်။ ကျောင်းသုံးပရိဘောဂမှာ အသင့်အတင့်ရှိပါသည်။ အိမ်သာများကတော့လုံလောက်မှုရှိပါသည်။ အာဟာရတိုက်ကျွေးမှုအနေဖြင့် (၄)တန်းကလေးများကို ညအိပ်ခေါ်ထားသောညစဉ်အာဟာရတိုက်ကျွေးပြီး၊ ကျန်ရှိသောကလေးများကို မကျွေးနိုင်ကြောင်းတွေ့ရပါသည်။မူလတန်းအောင်မြင်သောကလေးများသည်
ယခုအချိန်တွင်(၂)မိုင်ခန့်သောဝေးသော အထက်တန်းကျောင်းသို့ ဆိုင်ကယ်အချို့မှာ ခြေလျင်အချို့မှာ(အကြိုကျောင်း၊ မှဖြင့်သွားရောက်ပညာသင်ကြားရပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်အဖြစ်များသော ရောဂါများကို လေ့လာကြည့်ပါက ဝမ်းပျက်ဝမ်းလျော့၊သွေးလွန်တုပ်ကွေး၊ငှက်ဖျားအသက်ရှူလမ်းကြောင်း

ကူးစက်ရောဂါတစ်ခါတစ်ရံ(ရာသီအလှိုက်)ဖြစ်တတ်သော ကြောင့် အနိမ့်ဆုံးအဆင့်တွင် ရှိပါသည်။ HIV ANDSလိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှာ မရှိသေးပါကြောင်း သိရပါသည်။ တီဘီ၊ဆီးချို၊သွေးတိုးစသည့် ကူးစက်ရောဂါများမှာ အနိမ့်ဆုံးအဆင့်တွင်ရှိပါသည်။အသည်းရောဂါဖြစ်သူမှာ မရှိကြောင်း၊အာဟာရချို့တဲ့အခြားကူးစက်ရောဂါများမှာ အချို့ရှိကြပါကြောင်းတွေ့ရှိရပါသည်။

(ဇ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်း ပြုသူများကိုလေ့လာကြည့်လျှင်ဆောက်လုပ်ရေး၊ လက်သမားနှင့်ပန်းရံသမာများအဖွဲ့(၂)ဖွဲ့ရှိပါသည်။ မိသားစုဝင်လုပ်အားအနေဖြင့် တစ်အိမ်တွင် တစ်ဦးသောလုပ်ကိုင်ကြပါသည်။ ၎င်းအဖွဲ့ဝင်များသည် ကျေးရွာတွင်းနှင့် အခြားကျေးရွာရှိအိမ်များဆောက်လုပ်ရာတွင်သွားရောက်ဆောက်လုပ်ပေးကြပါသည်။ လက်လီလက်ကားရောင်းဝယ်သူအနေဖြင့် ကျေးရွာတွင်းတွင်ကုန်စုံဆိုင်(သေး) သုံးဆိုင်ရှိပါသည်။ ပို့ဆောင်ရေးအနေဖြင့် စိုက်ပျိုးရေးမှာထွက်ကုန်များကိုအခြားသို့ပို့ဆောင်ကြရပါသည်။ ငွေချေးခြင်း၊လုပ်ငန်းအနေဖြင့်အဖွဲ့အစည်းတစ်ခုစာသင်ကျောင်းအတွက်ထုတ်ချေးထားပေးသော ချေးပေးသောချေးငွေတစ်ခုရှိပါသည်။ ၎င်းကို ရွာများသို့အတိုးနှုန်းဖြင့်ပြန်လည်ထုတ်ချေးပေးပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင်ဝင်ကြေးအခက်အခဲကြောင့်ကျောင်းနေသူလူဦးရေနည်းနေသဖြင့်ညာရေးဖြင့် အသက်မွေးဝမ်းကြောင်းပြုသူမရှိကြောင်းတွေ့ရပါသည်။ ကျန်းမာရေးအနေဖြင့်လည်း အရံသားဖွားတစ်ဦးသာလျှင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ ပညာရေးနှင့် စာတတ်မြောက်မှုနှုန်းကိုလေ့လာကြည့်လျှင်စာမတတ်သူဦးရေ(၃၂)ယောက်ရှိကြောင်း၊ဘုန်းကြီးကျောင်းသံပညာရေးမှာ(၁၂၈)ယောက်မူလတန်းပညာရေးမပြီးဆုံးသူဦးရေ(၁၄၂)မူလတန်းပညာရေးပြီးဆုံးသူဦးရေ(၇၉)အလယ်တန်းပညာရေးပြီးဆုံးသူဦးရေ (၅၇)ဦးရှိကြပါသည်။ အထက်တန်းပညာရေးပြီးဆုံးသူဦးရေမှာ (၁၉)ဦးရှိပါသည်။

တက္ကသိုလ်ပညာဖြင့်ပြီးဆုံးသူတစ်ဦးမှာ မိန်းကလေးတစ်ဦးသာရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် ပညာရေးတွင်ဆင်းရဲနွမ်းပါးသောကြောင့် အလွန်ပင်နိမ့်ကျနေပါကြောင်း အထက်တန်းအောင်မြင်သူနှင့် တက္ကသိုလ်ပညာပြီးဆုံးသူတို့မှာလည်းဆင်းရဲနွမ်းပါးသည့် ကြားမှာ ကြိုးစားနေခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျွန်ုပ်တို့ ကျေးရွာ၏ ကျောင်းတက်နှုန်းမှာ အထက်ပါဧယားအတိုင်းကျောင်းတက်နေကြောင်းတွေ့ရပါသည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများမှာ ကလေးငယ်များသည် ကျောင်းနေနိုင်ခွင့်မရနိုင်ကြောင်း နှင့်မိဘများအနေဖြင့် လည်းစားဝတ်နေရေးအခက်အခဲကြောင့် မထားပေးနိုင်ကြောင်းကိုလည်းတွေ့ရပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျွန်ုပ်တို့ကျေးရွာ၏ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ လေ့လာကြည့်လျှင်အမျိုးသားနှင့်အမျိုးသမီးများသည် အလုပ်တာဝန်နှင့်မည့်သည့် ကိစ္စမဆိုတာတန်ပေးသည့်လျောက် လုပ်ဆောင်ကြဆောင်ရွက်ကြပါသည်။ ကျေးရွာ စီမံကိန်းခန့်ခွဲမှုတွင်လည်း အမျိုသမီးများသည် အမျိုးသားများ ပါဝင်ခေါ်ဆောင်မှု နှင့်အတူလိုက်ပါဆောင်ရွက်ကြပါသည်။ တာဝန်ပေးလျှင်လည်း ဦးဆောင်ပြီး ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း ဦးဆောင်ပြီး ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်ကြပါသည်။မည်သည့်ကလမှ

ကျွန်ုပ်တို့ကျေးရွာတွင် မိန်းကလေးနှင့် အမျိုးသမီးများကို အကြမ်းဖက်ခြင်းမရှိကြောင်း ကို လည်းလေ့လာတွေ့ရှိရပါသည်။

ကျေးရွာရှိ လူထုအခြေပြု အဖွဲ့အစည်းများကို လေ့လာကြည့်လျှင်ရပ်မိရပ်ဖများအာလုံးဖွဲစည်းများသည်ရပ်ရွာ၏ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက်တိုင်ပင်ညှိနှိုင်းရန်ဖွဲ့စည်းထားပါသည်။ အမျိုးသားအဖွဲ့အနေဖြင့် ကျေးရွာတွင်းနှင့် အခြားရပ်ရွာများ၏လူမှုရေးကိစ္စ(ပွဲလမ်းသဘင်) စသဖြင့် အဓိကသွားရောက်ကူညီရန် ဖွဲ့စည်းထားပါသည်။ အမျိုးသမီး အဖွဲ့အနေဖြင့် ပဉ္စာန်းတရားတော်နှင့်ဓမ္မစကြာရွက်ဖတ်ခြင်း၊ အဝတ်အစားပိုင်းဆိုင်ရာ ယဉ်ကျေးမှုစသည့် လုပ်ဆောင်ချက်အတွက်ဖွဲ့စည်းထားပါသည်. အဆိုပါအဖွဲ့အစည်းများကို တစ်လတစ်ကြိမ်အစည်းတေးခေါ်လေ့ရှိပါသည်။ အစည်းအဝေးတက်ရောက်သူများ အသင့်အတင့်ရှိကြောင်း တွေ့ရကြောင်းနှင့် ကျွန်ုပ်တို့ ကျေးရွာသည် ညီညွတ်လျက်ရှိကြောင်း တွေ့ရပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိကြောင်း တင်ပြအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနိုင်သောအဖွဲ့အစည်းများလွန်စွာ လိုအပ်နေကြောင်းတင်ပြအပ်ပါသည်။ ရပ်မိရပဖများနှင့် အိမ်ထောင်ဦးစီးအမျိုးသမီး/သားတို့စုပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ရပ်ရွာတွင်ဆင်းရဲနွမ်းပါးထူးများပြားသောကြောင့် ပန်းတိုင်သို့မရောက်နိုင်ကြောင်း လည်းတင်ပြအပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးသည့်မြေယာဧက(၉၆၂)သည်တောင်ယာစိုက်ပျိုးမြေဧကဖြစ်၍(၆၀.၂၅)ဧကသည်အိမ်ခြံဝင်းစိုက်ခင်းဖြစ်ပါ သည်။ သို့ဖြစ်၍ ပုံစံ(၇)ရရှိထားသောမြေဧကနည်းသောကြောင့်ပုံစံ(၇)ရရှိရန် လိုအပ်ကြောင်း မြေဆီလွှာအသင့်အတင့်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးသော အဓိကစိုက်ပျိုးသန့်မျိုးမှာစပါး၊ပြောင်း၊ပဲစင်းငုံတို့ဖြစ်ပါသည်။ စပါးအတွက်အထွက်နှုန်းမှာ အချို့အိမ်ထောင်စုများမှာ အသင့်အတင့်သာရရှိပြီး အိမ်ထောင်စုအချို့များမှာ အနည်းငယ်သာရရှိပါသည်။ ပြောင်းစိုက်ပျိုးခြင်းမှာတောင်ယာများတွင်စိုက်ပျိုးကြပါသည်။ ပဲစင်းငုံ၊ ပန်းနှမ်း၊မြေပဲ၊နေကြာများကိုလည်း အနည်းငယ်စိုက်ပျိုးကြပါသည်။ အထွက်နှုန်းမှာလည်း အသင့်အတင့်ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုများပြား၍ စိုက်ပျိုးနိုင်မှု နည်းသောကြောင့် အဓိကစိုက်ပျိုးသီးနှံများနှင့် အထွက်နှုန်းမှာအနည်းငယ်သာရရှိနိုင်ပါကြောင်း တွေ့ရပါသည်။

ကျေးရွာ၏ မွေးမြူရေးမှာ ခိုင်းနွား၊နို့စားနွား၊ကျွဲ၊ဝက်၊ကြက်များကိုအနည်းငယ်မွေးမြူကြပါသည်။ငါးလုပ်ငန်းများကို မလုပ်ကိုင်ကြပါ။ ခိုင်းနွားနှင့်ကျွဲ၊နွားများစိုက်ပျိုးရေးတွင်လမ်းခင်း၊ယာခင်းထွန်ရန်အတွက် အဓိကထားမွေးမြူကြရပါသည်။

ကျေးရွာတွင်စိုက်ပျိုးရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအခွင့်အလမ်းမှာ အလွန်ပင် နည်းနေပါသည်။ အခွင့်အလမ်း၊စက်ချုပ်သင်တန်းများကိုလိုချင်ပါကြောင်း
နှင့်အမျိုးသားများအတွက်လက်သမား၊ပန်းရံလုပ်ငန်းလုပ်ကိုင်ရန်အတွက်
ဆောက်လုပ်ရေးကိရိယာလိုအပ်ပါကြောင်းတင်ပြအပ်ပါသည်။ ဤကဲ့သို့သော အခွင့်အလမ်းများရရှိနိုင်ပါက ကျေးရွာရှိအိမ်ထောင်စုများစားဝတ်နေရေးဖူလုံနိုင်မည့် ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်ုပ်တို့ကျေးရွာတွင်သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများကိုလေ့လာကြည့်လျှင် စိုက်ပျိုးမြေနှင့်မြေဆီဩဇာများကို ဝယ်ယူမှသာလျှင်ရှိနိုင်ပါသည်။ ရေရရှိနိုင်မှုရင်းမြစ်မှာလည်းအနည်းငယ်သာရှိပါသည်။ သဘာဝမြေဆွေးအနေဖြင့် ကျွဲချေး၊နွားချေးများသာရရှိနိုင်ပြီး၊အော်ဂဲနစ်မြေဩဇာတုများမှာ ရရှိနိုင်ပေသည်။ ပိုးသတ်ဆေးများကိုစိုက်ပျိုးရေးဆေးဆိုင်မှာဝယ်ယူမှာသာရရှိနိုင်ပါသည်။ ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုအနေဖြင့် စိုက်ပျိုးရေးကာလတွင် စိုက်ပျိုးရေးဘဏ်မှငွေများကို အနည်းငယ်သာချေးဘူကြရပါသည်။ နည်းပညာပိုင်းဆိုင်ရာအနေဖြင့် အခြားအဖွဲ့အစည်းမှ အနည်းငယ်သာရရှိပါသည်။ စိုက်ပျိုးရရှိသော သွင်းအားစု တင်သွင်းသည့်ဈေးကွက်မှာလည်း အလွန်ပင်နည်း၍ ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှုများလည်း အနည်းငယ်သာရရှိပါသည်။

စိုက်ပျိုးမြေတိုချဲ့နိုင်မှုမှာ အနည်းငယ်သာရရှိနိုင်ပါသည်။ စိုက်ပျိုးရေးမှရရှိသော သွင်းအားစုတင်သွင်းမှုများလည်းအနည်းငဘ်သာရရှိနိုင်ပါသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမှာ အနည်းငယ်သာရရှိပါသည်။ မြေဆီဩဇာကိုဝယူမှုမှာသာရရှိနိုင်ပါသည်။ သီးနှံထုတ်လုပ်မှုအတွက်ငွေကြေးရရှိနိုင်မှုမှာ မရှိသလောက်ဖြစ်ပါသည်။ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးငွများသာရှိပါသည်။ စိုက်ပျိုးရေး သွင်းအားစုအချိန်မီရရှိနိုင်မှု အခြေအနေနည်းနေပါသည်. စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် ကျွမ်းကျင်သူဦးရေနည်းပါနေပါကြောင်း ၊ဆင်းရဲသော အိမ်ထောင်စုများပြားမှုနှင့်ငွေကြေးမပြည့်စုံစိုက်ပျိုးရေးနှင့် သီးနှံထုတ်လုပ်အထွက်ပြဿနာများစွာကြုံတွေ့နေရပါသည်။

မွေးမြူရေးကဏ္ဍာမှာစာကျက်မြေများနည်းနေပါသည်။ အဘယ်ကြောင့်ဆိုသော် မြေယာများကိုရာသီအလိုက်စိုက်ပျိုးစားသောက်နေရသောကြောင့်ဖြစ်ပါသည်။ ရေများကိုလည်းအသင့်အတင့်ရရှိနိုင်ပါသည်။ အဓိကမွေးမြူသော တိရစ္ဆာန်များမှာခိုင်းစရာကျွဲ၊နွားများသာအဓိကမွေးမြူကြပါသည်။ ကြက်၊ဝက်များကို စာသုံးရန်အတွက်နှင့်အလှူပွဲအတွက် အနည်းငယ်သာမွေးမြူကြရပါသည်။ စီးပွားရေးအဖြစ်မွေးမြူသော မွေးမြူရေးကဏ္ဍာမရှိကြောင်းတွေ့ရပါသည်။

မွေးမြူရေးကဏ္ဍာမလုပ်ကိုင်ခြင်းမှာ အဓိကအားဖြင့် ငွေကြေးမပြည့်စုံခြင်းနှင့် နည်းပညာအကူအညီနှင့်နည်းလမ်းများမရှိသောကြောင့် ဖြစ်ပါသည်။ လက်ရှိမွေးမြူထားသော တရစ္ဆာန်အနည်းငယ်များသည် ကူစက်ရောဂါ ဖြစ်ပွားမှုမှာအနည်းငယ်သာရှိပါကြောင်း တွေ့ရှိရပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် အဓိကအားဖြင့် စိုက်ပျိုးရေးကိုသာလုပ်ကိုင်စားသောက်ကြရပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာ၏ ငွေကြေး လက်လှမ်းမှုနှင့်ဘဏ်လုပ်ငန်းကိုလေ့လာကြည့်လျှင်ရွာသူ/ရွာသားများသည် စားဝတ်နေရေး
အတွက်သော်လည်းကောင်း၊စိုက်ပျိုးရေးအတွက်သော်လည်းကောင်းလိုအပ်သောငွေများကိုအစိုးရဘဏ်(သို့)စို က်ပျိုးရေးဘဏ်(သို့) ချေးငှားကြရပါသည်။ ငွေကြေးဝန်ဆောင်မှု ၊ပြန်လှည့်ပေးဆပ်ရသော ကာလနှင့် အတိုးနှုန်း၊အပေါင်ခံပစ္စည်းလိုအပ်မှု၊ချေးငွေရရန်အခက်အခဲမှာ များစွာရှိပါသည်။ အချို့သော အိမ်ထောင်စုများသည် မိတ်ဆွေနှင့်ဆွေမျိုးများထံမှ (၅)ကျပ်တိုး၊ဖြင့်(၁၂)လအတွင်းပေးဆပ်ရပါသည်။ မိတ်ဆွေနှင့်ဆွေမျိုးများသည်လည်း ယုံကြည်မှုဖြင့်ချေးငှားပေးကြကြောင်း တွေ့ရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်ုပ်တို့၏ ကျန်းမာရေး၊အထောက်အပံ့ဝန်ဆောင်မှုများကိုလေ့လာကြည့်ရာကျွန်ုပ်တို့ကျေးရွာတွင်အရံသားဖွဲ့ ုးတစ်ယောက်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာမိုင်းအင်ကျေးရွာရှိ၍ အကွားအဝေးမှာ( )မိုင်ခန့် ရှိကြောင်းနှင့်မြို့နယ်ဆေးရုံသည်ပင်းတယမြို့တွင်ရှိသည်။ အကွားအဝေးိုင်သည်(၁၃)မိုင်ခန့်ရှိပါသည်။ ဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင်းရှိလူနာများအခက်အခဲရှိပါကဆေးရုံမှကားလမ်းဖြင့်လာရောက်ခေါ်ဆောင်ပေးပါကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်ုပ်တို့၏ ကျန်းမာရေး၊အထောက်အပံ့ဝန်ဆောင်မှုများကိုလေ့လာကြည့်ရာကျွန်ုပ်တို့ကျေးရွာတွင်အရံသားဖွဲ့ ုးတစ်ယောက်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာမိုင်းအင်ကျေးရွာရှိ၍ အကွားအဝေးမှာ(၃)မိုင်ခန့် ရှိကြောင်းနှင့်မြို့နယ်ဆေးရုံသည်ပင်းတယမြို့တွင်ရှိသည်။ အကွားအဝေးမိုင်သည်(၁၂)မိုင်ခန့်ရှိပါသည်။ ဝန်ဆောင်မှု အနေဖြင့် ကျေးရွာတွင်းရှိလူနာများအခက်အခဲရှိပါကဆေးရုံမှကားလမ်းဖြင့်လာရောက်ခေါ်ဆောင်ပေးပါကြောင်းလေ့လာ တွေ့ရှိရပါသည်။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်ုပ်တို့ကျေးရွာ၏ လမ်းတည်ရှိမှုမှာ ရွာတွင်းလမ်းနှင့်ချဉ်းကမ်လှမ်းမှာ (အဆင့်-၃)အခြေအနေမြေလမ်းဖြစ်ပြီး ရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းတို့သည် မိုးရာသီအချိန်တွင်သွားလာရာခက်ခဲပြီး ပွင့်လင်းရာသီတွင် သွားဖို့ရန် အသင့်အတင့်ရှိပါသည်။ ရွာတွင်းလမ်းနှင့်ချဉ်းကပ်လမ်းအတွက်သဲ၊ကျောက်ဖိုးများကိုထောက်ပံ့ပေးမည်ဆိုပါက လမ်းများကို ပြုပြင်နိုင်ပြီးကောင်းမွန်စွာသွားလာနိုင်မည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေကိုလေ့လာကြည့်လျှင် ကျေးရွာဖွံ့ဖြိုးရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးစသည့်ကိစ္စနှင့်အခြားကိစ္စခရီးသွားလာသူနှင့်မိသားစုကြောင့် သတင်းအချက်အလက်ကိုလည်းဖုန်းများနှင့်ဆက်သွယ်ခြင်းဖြင့် သိရှိရကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျွန်ုပ်တို့ကျေးရွာတွင် မူခင်းဖြစ်ပွားမှု အခြေအနေများကို လေ့လာကြည့်မည်ဆိုပါက လူကုန်ကူး၊ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှု,အကြမ်းဖက်မှုတို့သည် မရှိကြပါကြောင်း နှင့်ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးဖြင့်သာ အ ခြေခံ၍ လုပ်ကိုင်စားသောက်ကြ၍ အေးချမ်းာယာလျက်ရှိပါကြောင်း လေ့လာရှိရပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်မြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှ အပ အခြာသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အတွက် အထွက်နှုန်းတိုးမြင့်အောင်အားစိုက်ရပါသည်။တောင်သူများအနေဖြင့်

ဘဏ်စုံပိုးမွားနှိမ်နင်းရေကျင်းသုံးနိုင်ရေးအထော်ကအပုံ့များရရှိရန်
လိုအပ်သည်။ကျေးရွာတွင်ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းများမြင့်မားတတ်သည်။ ဘဏ်များမှကျေးရွာတွင်း ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်အရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက် ရာတွင် အခက်အခဲကြုံတွေ့ရတတ်ပါသည်။

ကျေးရွာတါင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက်အကန့်အသက်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက်ကုန်ကြမ်းတတ်သိပညာ။အထိအတွေ့ကိုအားနည်းနေပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်း လမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက် ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေကာ လူနေမှုဘဝတိုးတက် ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊သက်မွေးပညာသင်တန်းများရရှိခြင်း မှ တဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းစီးပွားရေးအနေအထားကိုတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့်စီးပွားရေးအနေအထားကိုတိုးတက်စေမည်။

ခ.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်း နှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမည်တစ်ဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာဖို့ရန်ဖြစ်ပါသည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကိုရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည်။

မ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာများဖြစ်ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများထွန်းကာလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်။ သင်တန်းတက်ထားသူများက တဖန်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကိုယ်ပိုင်လုပ်ငန်းများတွင်အသုံးချထုတ်လုပ်မှတိုးတက်စေမည်။

ခ.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ယိုနှင့်မုန်လုပ်နည်း၊ ဆံပင်ညှပ်၊စက်ပြင် မောတော်ဆိုင်ကယ်ပြင်နှင့်မိုဘိုင်းဖုန်းပြင်စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကိုတက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်း သားများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကိုတိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။
ခ.၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်း တစ်ဆောင်ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့် လာရေးအတွက်ဆောင်ရွက်မည်။ ပညာရေးဌာနနှင့်ချိတ်ဆက်ပြီးအထက်တန်း ကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသောဆရာ/မခန့်ထားရရှိနိုင်ရန် တို့အတွက် ဆောင်ရွက်သွားမည်။

ခ.၄) ကျေးရွာတွင်ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦးများတိုးတက်ကောင်းမွန်ရေး အတွက်ဆောင်ရွက်ပေးမည်။ တချိန်တည်းတွင်ကျေးရွာအဆော်ကအဦးများတိုတက်ကောင်းမွန်ရေးအတါက် ဆောင်ရွက်ပေးမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အဦး တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်ပေးမည်။ တချိတ်တည်းတွင်ကျေးရွာအဆောက်အ ဦးများကို အုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲစွမ်းကို လည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။
ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်းကျေးရွာအခြေပြုလုပ်ငန်းများကိုအကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေတ်ဆောင်မှုစွမ်းရည်များပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပံ့မှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးမှုသည် အလွန်အရေးကပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင်ပါသည်။

အရေးကြီးသည့်အချက်များဦးစားပေးစီမံချက်များနှင့်ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည် ဖွံ့ဖြိုးရေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါတဝင်သည်။

အရေးကြီးသည့်အချက်များဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင်နေကြာ၊ မြေပဲများကိုသီးထပ်စိုက်ပျိုးကြပါသည်။ တောင်သူများအတွက်သီးနှံဖျတ်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျတ်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းပညာရရှိရေးလိုအပ်သည်။ သီးနှံဖျတ်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက်သီးနှံပျက်စီးမှုနှင့်ဝင်ငွေ လျော့နည်းမှုဖြစ်စေသည်။

(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာ၏ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်းကိုလေ့လာကြည့်လျှင်ရွာသူရွာသားများသည် စားဝတ်နေရေးအတွက်သော်လည်းကောင်း စိုက်ပျိုးရေးအတွက်သော်လည်းကောင်း လိုအပ်သောငွေများကို အစိုးရဘဏ်(သို့) စိုက်ပျိုးရေးဘဏ်သို့ချေးငှားကြရပါသည်။ငွေကြေးဝန်ဆောင်မှု ၊ပြန်လည်ပေးဆပ်ရသော ကာလနှင့် အတိုးနှုန်း အပေါင်ခံပစ္စည်းလိုအပ်မှု၊ ငွေရရန်အခက်အခဲများမှာများစွာရှိပါသည်။ အချို့သောအိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ(၅)ကျပ်တိုးဖြင့် (၁၂)လအတွင်းပေးဆပ်ရပါသည်။မိတ်ဆွေနှင့် ဆွေမျိုးများသည်လည်း ယုံကြည်မှုဖြင့်ချေးငှားပေးကြကြောင်းတွေ့ရပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက်အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင်လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှု နည်းပညာ၊ဈေးကွက် သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး အမျိုးမျိုးကွဲပြားနေသေလုပ်ငန်းများ(ကုန်ထုတ်လုပ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)တွက်လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကိုကျေးရွာတွင်ဖွံ့ဖြိုးရေးစီမံကိန်းရေးရန်ခက်ခဲပါသည်။

ကျွန်တော်တို့ကျေးရွာမှသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များယခုအခါအဆင့်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိပါကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည် ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်

ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များ တွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)–ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

